ပူးတွဲစာရွက် - အခကြေးငွေဇယား 【အထွေထွေစည်းမျဉ်း】

အပိုဒ် (၁) (အခကြေးငွေတွက်ချက်နည်း)

အခကြေးငွေများကို ဤအခကြေးငွေဇယားတွင် သတ်မှတ်ထားသည့်အတိုင်းသာမက ကျွန်ုပ်တို့ကုမ္ပဏီမှ သီးခြားသတ်မှတ်ထားသော စည်းမျဉ်းများအတိုင်းလည်းဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ စာချုပ်ချုပ်ဆိုသူမှ ဤဝန်ဆောင်မှုအသုံးပြုမှုစာချုပ်အရ ပေးဆောင်ရမည့် အသုံးပြုခကိုအခကြေးငွေတွက်ချက်သည့်လအလိုက် တွက်ချက်မည်ဖြစ်ပါသည်။ 「အခကြေးငွေတွက်ချက်သည့်လ」 ဆိုသည်မှာ ကျွန်ုပ်တို့ကုမ္ပဏီမှ ဝန်ဆောင်မှုစာချုပ်တစ်ခုချင်းစီအတွက် သတ်မှတ်ထားသော လစဉ်စတင်ရက်မှ နောက်လ၏ စတင်ရက်မတိုင်မီ တစ်ရက်အထိ ကာလကို ဆိုလိုပါသည်။သို့သော် ကျွန်ုပ်တို့ကုမ္ပဏီမှ လိုအပ်သည်ဟု သတ်မှတ်ပါက လစဉ်တွက်ချက်မှုမဟုတ်ဘဲ လိုအပ်သည့်အချိန်တွင်လည်း တွက်ချက်နိုင်ပါသည်။

၃။ ကျွန်ုပ်တို့ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအတွက် မဖြစ်မနေလိုအပ်သော အခြေအနေရှိပါက အထက်ပါ အခကြေးငွေတွက်ချက်သည့်လ၏ စတင်ရက်ကို ပြောင်းလဲနိုင်ပါသည်။

အပိုဒ် (၂) (အပိုင်းအစငွေတွက်ချက်ခြင်း)

အခကြေးငွေများကို တွက်ချက်ရာတွင်တွက်ချက်ပြီးနောက် ၁ ယန်းအောက်ရှိသော အပိုင်းအစငွေ ရှိပါက ထိုအပိုင်းအစကို ဖြတ်တောက်မည်ဖြစ်ပါသည်။

အပိုဒ် (၃) (အခကြေးငွေ ပေးချေခြင်း)

စာချုပ်ချုပ်ဆိုသူသည် အခကြေးငွေများကို အောက်ပါနည်းလမ်းအတိုင်း ပေးချေရမည် ဖြစ်ပါသည်။

(၁) ကျွန်ုပ်တို့ကုမ္ပဏီမှ သတ်မှတ်ထားသော နည်းလမ်းဖြင့် ပေးချေခြင်း။

အပိုဒ် (၄) (အသုံးပြုခကိုတစ်ကြိမ်တည်း ခုပေါင်းပေးချေခြင်း)

ကျွန်ုပ်တို့ကုမ္ပဏီတွင်အထူးအခြေအနေ ရှိပါက ကြိုတင်၍ စာချုပ်ချုပ်ဆိုသူအား အသိပေးပြီးနောက် ၂ လ နှင့်အထက် အသုံးပြုခများကို ခုပေါင်း၍ တစ်ကြိမ်တည်း ပေးချေရန် တောင်းဆိုနိုင်ပါသည်။ထိုငွေကို ကျွန်ုပ်တို့ကုမ္ပဏီမှ သတ်မှတ်ထားသော နေ့ရက်အတွင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

အပိုဒ် (၅) (ကြိုတင် ပေးချေငွေ)

ကျွန်ုပ်တို့ကုမ္ပဏီမှ တောင်းခံမည့် အခကြေးငွေများ နှင့် ပတ်သက်၍ စာချုပ်ချုပ်ဆိုသူမှ ဆန္ဒရှိပါက၊ ကျွန်ုပ်တို့ကုမ္ပဏီမှ သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ကြိုတင် ပေးချေငွေကို ကြိုတင်လက်ခံထားမည်ဖြစ်ပါသည်။ သို့သော် ကြိုတင်ပေးချေငွေအပေါ် အတိုးပေးမည်မဟုတ်ပါ။

အပိုဒ် (၆) အခွန်သက်ဆိုင်ရာပမာဏ ထည့်သွင်းခြင်း

စည်းမျဉ်းစာချုပ် အရ ဤအခကြေးငွေဇယားတွင် သတ်မှတ်ထားသော အခကြေးငွေများ ကို ပေးဆောင်ရန် လိုအပ်သော ပမာဏသည် အခကြေးငွေဇယားတွင် သတ်မှတ်ထားသော စားသုံးခွန်နှင့် သက်ဆိုင်သည့် ပမာဏကို ထည့်ပေါင်းပြီးသော ပမာဏ ဖြစ်ပါသည်။※ သို့သော် စည်းမျဉ်းစာချုပ်အရ ပေးဆောင်ရန် လိုအပ်လာသော အခကြေးငွေများကို တွက်ချက်ရာတွင်စားသုံးခွန်ပါဝင်ပြီး သတ်မှတ်ထားသော ပမာဏမှ တွက်ချက်သော ငွေပမာဏနှင့် ကွာခြားနိုင်ပါသည်။

အပိုဒ် (၇) (အခကြေးငွေ ယာယီလျှော့ချပေးခြင်း)

ဘေးအန္တရာယ်ဖြစ်ပွားခဲ့ပါက သို့မဟုတ် ဖြစ်ပွားနိုင်ခြေရှိပါက ကျွန်ုပ်တို့ကုမ္ပဏီသည် စည်းမျဉ်းစာချုပ်ပါ သတ်မှတ်ချက်များနှင့် မသက်ဆိုင်ဘဲယာယီအနေဖြင့် အခကြေးငွေများကို လျှော့ချပေးနိုင်ပါသည်။